## ရက်စွဲမှတ်တမ်း

**၁၇.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ ပထမနေ့ (မေးခွန်း ၅၊ အစီရင်ခံစာဖတ်ကြား ၁)

**၁၉.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့ (မေးခွန်း ၃၊ အဆို၁)
- ADB ဘဏ် တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

**၂၀-၁၀-၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊တတိယနေ့ (မေးခွန်း ၃၊ အဆို ၁)

**၂၄.၁၀.၂၀၁၇**

- အမျိုးသားစီမံကိန်းဥပဒေကြမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး
- My Life စီမံကိန်း အဖွဲ့ ခေါင်းဆောင်ဆွေးနွေး

**၂၅.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ (မေးခွန်း ၄၊ အဆို ဆွေးနွေး ၁)
- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီအစည်းအဝေး

**၂၆.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ ပဥ္စမနေ့ (မေးခွန်း ၃၊ ဥပဒေကြမ်းဆွေးနွေး ၁)
- အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီအစည်းအဝေး

**၂၇.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ဆဌမနေ့ (မေးခွန်း ၄၊ ဥပဒေ ကြမ်းတင်သွင်း ၁၊ အစီရင်ခံစာဖတ် ၁)
- မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဆွေးနွေးပွဲ

**၃၀.၁၀.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ သတ္တမနေ့ ( မေးခွန်း ၅၊ အဆို ၁၊ ဥပဒေကြမ်းဆွေးနွေးရန်မဲခွဲ ၁)

**၁.၁၁.၂၀၁၇**

- ဆဌမပုံမှန်အစည်းအဝေး၊ အဌမနေ့ (မေးခွန်း ၅၊ အဆို ၁၊ ဥပဒေကြမ်းဆွေးနွေးရန်အဆုံးအဖြတ်ယူ ၁)

**အမျိုးသားလွှတ်တော်ရုံး၊သုတေသနပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှထုတ်ဝေပါသည်။**

အမျိုးသားလွှတ်တော်



# Info Note Vol (1)

( ၁၇ - ၁၀ - ၂၀၁၇) ရက်နေ့မှ ( ၁ - ၁၁ -၂၀၁၇) ရက် နေ့ အတွင်း အမျိုးသားလွှတ်တော်၏ လှုပ်ရှားဆောင်ရွက်မှု သတင်းအနှစ်ချုပ်ဖြစ်ပါသည်။

| | |
|---|---|
| ပြည်သူ့အသံ | လွှတ်တော်အသံ |
| ပြည်သူ့ဆန္ဒ | လွှတ်တော်ဆန္ဒ |
| ပြည်သူတို့မျှော်လင့်ချက် | လွှတ်တော်ကဖော်ဆောင်ရွက် |

## အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး MS.RENATA DESSALLIEN အား လက်ခံတွေ့ဆုံခြင်း



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Dessallien အား (၂၅-၁၀-၂၀၁၇) ရက်နေ့ (၁၄၀၀) နာရီ တွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ ဆုံခဲ့သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က မကွေးတိုင်း ဒေသကြီး လွှတ်တော် (ပင်မ)အဆောက်အအုံပန္နက်တိုင်စိုက်ထူပေးခြင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် (၂၉.၁၀.၂၀၁၇) ရက် နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် များနှင့် တွေ့ဆုံပြီး မကွေးတိုင်း ဒေသကြီးလွှတ်တော်(ပင်မ) အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ပန္နက်တင်ပေးခဲ့သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲ တွင် နတ်မောက်မြို့ ဗိုလ်ချုပ် အောင်ဆန်းနေအိမ်ပြတိုက်သို့ ရောက်ရှိခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုကာ ပြတိုက် အတွက် အလှူငွေ များကို တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆) ဦးအစားထိုးပြောင်းလဲခြင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၅ / ၂၀၁၇ )
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )
တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း



**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များရှိ33/11 KV, 5MVA ဓါတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား များသို့ တက်ရောက်ရန်စစ်တွေမြို့သို့ ခရီးထွက်ခွာခြင်း**



ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် သည် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များရှိ 33/11 KV, 5MVA ဓါတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက် ရန် (၁-၁၁-၂၀၁၇) ရက်နေ့ (၁၃၀၀) နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေမြို့သို့ ခရီးထွက်ခွါသွားရာ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၇-၁၀-၂၀၁၇)ရက်နေ့မှ (၁.၁၁.၂၀၁၇)ရက်နေ့အတွင်း-

| | |
|---|---|
| **ဥပဒေကြမ်းတင်သွင်းခြင်း** | **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း**<br>**စာရင်းအင်းဥပဒေကြမ်း**<br>**၁၉၄၄စခုနှစ်ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေး ဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်း** |
| **ဥပဒေကြမ်းဆွေးနွေးခြင်း** | **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ** |
| **အစီရင်ခံစာဖတ်ကြားခြင်း** | **လွှတ်တော်အဖွဲ့ဥပဒေကြမ်း**<br>**၁၉၄၄စခုနှစ်ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေးဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်း** |
| **အဆိုတင်သွင်းခြင်း** | ၃ |
| **ကြယ်ပွင့်ပြမေးခွန်း** | ၃၂ |
| **ကြယ်ပွင့်မပြမေးခွန်း** | ၄၃ |

- အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဥက္ကာမင်း(တနင်္သာရီ-၈) သည် ILO ၏ဖိတ်ကြားချက်အရ အီတလီနိုင်ငံသို့(၂၃-၁၀-၂၀၁၇)ရက်နေ့မှ(၂၇-၁၀-၂၀၁၇)ရက်နေ့အထိသွားရောက်ခဲ့သည်။
- အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကြည်ညွန့်(မကွေး-၄) သည် Inter Mecliate ၏ဖိတ်ကြားချက်အရကိုလံဘီယာနိုင်ငံသို့(၂၇-၁၀-၂၀၁၇)ရက်နေ့မှ (၅-၁၁-၂၀၁၇)ရက်နေ့အထိသွားရောက်ခဲ့သည်။
- အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင် (ကရင်-၁၀) သည် JICA ၏ ဖိတ်ကြားချက် အရ (၂၈-၁၀-၂၀၁၇) ရက်နေ့ မှ(၁၁.၁၁.၂၀၁၇)ရက်နေ့အထိဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။

## ကော်မတီများ၏လှုပ်ရှားမှုများ

- **အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ**ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကော်မတီဝင်များအား Asian Development Bank (ADB) မှ တာဝန်ရှိသူများက (၁၉.၁၀.၂၀၁၇) ရက်နေ့ (၁၄၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အစည်းဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။
- ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့၊ အဖွဲ့(၁၄)နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၄.၁၀.၂၀၁၇) ရက်နေ့၊ (၁၃၀၀) နာရီတွင် အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ်(I-20) **အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**တွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၄) ဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ကော်မတီအဖွဲ့ဝင်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပါသည်။
- အမျိုးသားလွှတ်တော် (J) ဆောင် ထမင်းစားခန်းမ၌ (၂၄.၁၀.၂၀၁၇) ရက်နေ့၊ (၁၃၀၀) နာရီအချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်မှ Australain Centre For International Agricultural Research, (ACIAR) နှင့် My Life စီမံကိန်းတို့ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံစိုက်ပျိုးရေး တိုးချဲ့ပညာပေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးမူဝါဒဆိုင်ရာ နှင့် စပ် လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်းအခမ်းအနားကို **အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**မှ ကြီးမှူးကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး Australain Centre For International Agricultural Research, (ACIAR) ၊ My Life စီမံကိန်းခေါင်းဆောင် Dr Julian Prior အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြခဲ့ပါသည်။
- **အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ** အစည်းအဝေးကို (၂၅.၁၀.၂၀၁၇) ရက်နေ့ (၁၂၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပပါသည်။
- **အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ**သည် ပညာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၆.၁၀.၂၀၁၇)ရက်နေ့၊ (၁၂၀၀)နာရီအချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။
- **အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ**၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ "မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ဆွေးနွေးတင်ပြခြင်း" အခမ်းအနားကို (၂၆-၁၀-၂၀၁၇) ရက်နေ့ (၁၅၀၀) နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင် ထမင်းစားခန်းမ၌ ကျင်းပခဲ့သည်။